# “ကျွန်တော်ပြောတာ…”

ဤကဒ်ကို စကားပြန် (သင့်မိခင်ဘာသာစကား ပြောဆိုတတ်သူ) တစ်ဦး တောင်းဆိုရန် သုံးပါ။ ဆရာဝန်ရုံးခန်း၊ ဆေးရုံ သို့မဟုတ် အခြားကျန်းမာရေးဌာနများရှိ သင့်ကို ကူညီပေးသူထံ ဤကဒ်ကို ပေးအပ်ပါ။

## ကျန်းမာရေးကိစ္စရပ်များဆိုင်ရာ လေ့ကျင့်သင်ကြားထားပြီးဖြစ်သော စကားပြန်နှင့် ပူးပေါင်းဆောင်ရွက်သင့်ပါသည်

သင့်မိတ်ဆွေများနှင့် မိသားစုများသည် ဆေးပညာဆိုင်ရာအသုံးအနှုန်းများနှင့် စပ်လည်း၍ သင့်ကို ကူညီနိုင်ရန် လေ့ကျင့်သင်ကြားထားခြင်း မရှိပါ။ အသက် ၁၆နှစ်အောက်ငယ်သော ကလေးများသည်လည်း စကားပြန်အဖြစ် ဆောင်ရွက်ပေးရန် မသင့်တော်ပါ။

## စကားပြန်ရရှိရန်အတွက် သင်မှ ကျသင့်ငွေပေးချေရန် မလိုအပ်ပါ

Rhode Island ရှိ ဆရာဝန်ရုံးခန်း၊ ဆေးရုံ သို့မဟုတ် အခြားကျန်းမာရေးဌာနများတွင် စကားပြန်ဝန်ဆောင်မှုအတွက် သင့်ကို ငွေတောင်းခံလာပါက ဤကဒ်၏ နောက်ကျောဘက်ရှိ နံပါတ် တစ်ခုခုကို ခေါ်ဆိုပါ။

## Hello, I speak Burmese. I need an interpreter.

Please arrange for a qualified medical interpreter to help me communicate during my visit. Please note that I need an interpreter at each visit.

All Rhode Island healthcare and social service providers that receive federal funds (including Medicare, Medicaid, or RIteCare) are required to provide qualified medical interpreters.

## For more information, contact:

- Rhode Island Department of Health: 401-222-5960
- DHHS, Office for Civil Rights: 617-565-1340

www.hhs.gov/ocr/civilrights/resources/specialtopics/lep

## အမေရိကန်ပြည်ထောင်စု ဥပဒေအရ

- လူနာနှင့် မိသားစုဝင်များသည် ၎င်းတို့၏ ကျန်းမာရေး အခြေအနေ၊ ကုသမှုနည်းလမ်း ရွေးချယ်မှုများနှင့် ဆရာဝန်၏ မေးခွန်းများကို နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။
- ပြည်ထောင်စု အစိုးရထံမှ ထောက်ပံ့ငွေရရှိသော ဆရာဝန်ရုံးခန်းများ၊ ဆေးရုံများ နှင့် အခြားကျန်းမာရေးဌာနများသည် လူနာနှင့် ပြောဆိုဆက်ဆံရန် နည်းလမ်းတစ်ခု ဖန်တီးပေးရမည်။ ယင်းသို့ဖန်တီးခြင်းတွင် ကျန်းမာရေးကိစ္စရပ်များဆိုင်ရာ လေ့ကျင့်သင်ကြားထားသော စကားပြန်တစ်ဦး ထားရှိရန် ပါဝင်သည်။

ဤကဒ်ကို အသုံးပြု၍ သင့်အနေဖြင့် ကျန်းမာရေးကိစ္စရပ်များဆိုင်ရာ လေ့ကျင့်သင်ကြားထားသော စကားပြန်တစ်ဦး လိုအပ်ကြောင်း သက်ဆိုင်ရာများကို ပြောပါ။ မည်သည့်ဆရာဝန်ရုံးခန်း၊ ဆေးရုံ သို့မဟုတ် အခြားကျန်းမာရေးဌာနများတွင်မဆို စကားပြန်အတွက် မည်သည့်ကုန်ကျစရိတ်မျှ သင်ပေးချေရန် မလိုပါ။

**စကားပြန်ရရှိရန် အခက်အခဲဖြစ်နေပါက အောက်ပါအတိုင်း ဆက်သွယ်ပါ**

- Rhode Island Department of Health: 401-222-5960
- DHHS, Office for Civil Rights:
  617-565-1340, TTY 617-565-1343
- **အီးမေးလ်** OCRComplaint@hhs.gov

ပိုက်ဆံအိတ်ထဲတွင် ဆံ့ရန် ဤနေရာကို ခေါက်ပါ။

ဤကဒ်၏ မျက်နှာစာသည် အင်္ဂလိပ်ဘာသာနှင့်ဖြစ်ပါသည်။ ယင်းတွင် ရေးထားသည်မှာ

**မင်္ဂလာပါ ကျွန်တော်/ကျွန်မ ပြောတာ ဗမာဘာသာစကား ဖြစ်ပါတယ်။ ကျွန်တော်/ကျွန်မ စကားပြန်တစ်ဦး လိုအပ်ပါတယ်။**

အရည်အချင်းပြည့်မီသည့် ကျန်းမာရေးကိစ္စရပ်များဆိုင်ရာ စကားပြန်တစ်ဦး ကျွန်တော့်/ကျွန်မအတွက် စီစဉ်ပေးပါ။ ကျွန်တော်/ကျွန်မ လာရောက်သည့် အခေါက်တိုင်း စကားပြန်လိုအပ်ကြောင်း သတိပြုပေးပါ။

ပြည်ထောင်စုအစိုးရထံမှ ထောက်ပံ့ငွေ (Medicare, Medicaid သို့မဟုတ် RIteCare အပါအဝင်) ရရှိသော Rhode Island ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုဝန်ထမ်းဌာနများအားလုံးသည် အရည်အချင်းပြည့်မီသည့် ကျန်းမာရေးကိစ္စရပ်များဆိုင်ရာ စကားပြန်များ ထားရှိထားရမည်။